## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၂-၂-၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီး-ရွှေပြည်သာကျေးရွာ (ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားရှိ ချောင်းကြီး၊ ချောင်းငယ် များ၌ အမာခံတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ ကျေးရွာချင်းဆက် လမ်းများဖြစ်သော ဖာကျက်-ဆန်းကိုင်-လားဟောင်- ငိုင်မောင်း- လားမား(၂၅)မိုင်၊ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း (၂၇)မိုင်၊ ယန်းနော်နတ်ညို- ဆာလင်-ကေးဆန်နတ်ညို-**

**ဘောက်လွန်းလမ်း(၁၅)မိုင်၊ ကြူယန်းနတ်ညို– ကျောက်ခေါ်– ဟရှိတ်နတ်ညို– လုံခေါလမ်း(၁၅)မိုင်၊ နန်းယွန်း–ပန်ဆောင် တပ်ရှောင်လမ်း (၈)မိုင် တို့အား (၂၀၁၇–၂၀၁၈) ဘဏ္ဍာနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **မိုင်းကောင်ကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်း ရွာချင်းဆက်လမ်း (၁၀)မိုင်အား ကျောက်လမ်းခင်းပေးရန်၊ နားကော်ကျေးရွာအုပ်စု၊ ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်း (၇)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက် အစိုးရမှ ခွင့်ပြု ထားသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေး နှင့် မူခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ % မှ ၁၀ % အား အောင်ဘာလေ သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ %သာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၊

(ခ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်လွင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်၊

(ဃ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။